




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၀၅၄/၉၅ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ လ ၃ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦးရွှေအောင်

(ခ) အဘအမည် ဦးခင်မောင်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် KTG-၀၀၅၉၁၀

(ဃ) နေရပ်လိပ်စာ အမှတ် ၂၃(ဘီ/ဂ)၊ သုခ၀တီလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း စီဒီအင်ဒတ်(စ်)ထရီ(စ်) အင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက်(C.D Industries & Construction Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း)

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ်(၃)၊(၄)၊(၅)၊(၆) ဇုန်အမှတ်(၂)၊ စက်မှုဒေသ၊ မှိုင်းသာယာမြို့နယ်၊ရန်ကုန်မြို့။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၆၅.၃သန်း(ကျပ် ခြောက်ဆယ့်ငါးသန်းနှင့် သုံးသိန်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၇
ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက်(C.D Intertrade Co., Ltd.)သည် စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရတ်ရှင်းကုမ္ပဏီလီမိတက်(C.D Industries & Construction Co., Ltd.)တည်ထောင်၍ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်အမှတ်(၂)၊ မြေကွက်အမှတ်(၃)(၄)(၅)(၆)ရှိ မြေ ၅.၂၆၄ ဧက(၂၁၃၀၂.၆၇ စတုရန်းမီတာ)တွင် စက်ရုံတည်ဆောက်ပြီး သစ်အခြေခံစက်မှုလုပ်ငန်း(သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း)ကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား(၂၀-၁၂-၉၆)နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၉/၉၆)ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာ ကော်မရှင်မှမူအားဖြင့်သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ(၂၆-၁၂-၉၆)နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏(၄၃/၉၆)ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံးမှတင်ပြခဲ့ရာ အစည်းအဝေးမှသဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရတ်ရှင်းကုမ္ပဏီလီမိတက်(C.D Industries & Construction Co., Ltd.)အား သစ်အခြေခံစက်မှုလုပ်ငန်း(သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၀၁၄/၉၇ ကိုထုတ်ပေးလိုက်သည်။

၂။ စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရတ်ရှင်းကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.)အနေဖြင့် ခွင့်ပြုမိန့်အရ သစ်အခြေခံစက်မှုလုပ်ငန်း(သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၇)၊ ပုဒ်မ ၁၂ အရ

ကုန်ထုတ်လုပ်မှုလုပ်ငန်းစတင်သောနှစ်အပါအဝင်တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ဥပဒေပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုခံစားခွင့်ပြုရန် ဤအမိန့်ကြော်ငြာစာ ကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃ (က) အရလုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သောနိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက်ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျှက်လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေပေါ် မူတည်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃ (ခ) အရလုပ်ငန်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်း လွတ်ခွင့် (၃) နှစ်ခံစားပြီးနောက်လုပ်ငန်း၏အမှန်တကယ်အကောင်အထည် ဖော်နိုင်မှုအခြေအနေကို ဖော်ပြလျှက်၍ ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃ (ဂ) အရထုတ်လုပ်မှုလုပ်ငန်း ကြောင့်သတ်မှတ်သည့် နှုန်းအထိပြည်တွင်းပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီးသည့်အခါလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် နိုင်မှုအခြေအနေကို ဖော်ပြလျှက်၍ ကော်မရှင်သို့တင်ပြလျှောက်ထားရ မည်။

(ဃ) ဥပဒေပုဒ်မ ၁၃ (စ) အရလုပ်ငန်းမှရရှိသည့်အမြတ်ငွေကိုသီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်းလုပ်ငန်း၌ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေပေါ်တွင်ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး၍အမှန် တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါလုပ်ငန်းအမှန်တကယ်အကောင် အထည်ဖော်နိုင်မှုအခြေအနေကို ဖော်ပြလျှက် ကော်မရှင်သို့တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃ (ဆ) အရလုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ်တန် ဖိုးလျော့ငွေကိုသတ်မှတ်သည့်နှုန်းအတိုင်းနှစ်တိုတိုနှင့်မူလတန်ဖိုးပြည့်မီ သည်အထိအမြတ်ငွေမှနုတ်ပယ်ခွင့်နှင့်စပ်လျဉ်း၍ယင်းတန်ဖိုးလျော့နှုန်း ထားများကို ကော်မရှင်သို့တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း ပြည်တွင်း၌မရရှိနိုင်သည့် အမှန်တကယ်လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာအစိတ်အပိုင်း လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ နှစ်မျိုးလုံးကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃ (ဈ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလ ကုန်ဆုံး၍ ပထမ (၃) နှစ်အတွက် ကုန်ထုတ်လုပ်ရန်တင်သွင်းသည့် ကုန်ကြမ်းများ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြား ပြည်တွင်းအခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ (ဇ) အရ ပြည်ပမှတင်သွင်းသည့်စက်ပစ္စည်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ- ပြည်ပတင်ပို့မှုမှဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits) ကုန်ပစ္စည်းပြန်လည်ဝယ်ယူသည့်စနစ် (Buy-back System) စသည်တို့ကို ဖော်ပြရန်၊

(ခ) ဝင်ရောက်လာမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ ဈေးနှုန်းများသင့်မြတ်မှုစသည်တို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိအမှတ်ပြုထားသည့်စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်၊

(ဂ) စစ်ဆေးရေးကိုယ်စားလှယ်၏စစ်ဆေးပြီးကြောင်း ထောက်ခံစာ (Inspection Certificate) ဖြင့်တင်သွင်းမည့်ပစ္စည်း အမျိုးအစားစာရင်း (Invoice and Packing List) များကို နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက်ရယူရန်။

၄။ ဇင်ဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.) ကို မြန်မာကုမ္ပဏီများအက်ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန်အတွက် ကုမ္ပဏီများညွှန်ကြားမှုဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။ ကုမ္ပဏီအား မှတ်ပုံတင်ပြီးသည့်အခါ အောက်ဖော်ပြပါစာရွက်စာတမ်း (၁) စောင်စီကို ကော်မရှင်သို့ ပေးပို့တင်ပြရမည်။

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)

(ခ) ကုမ္ပဏီများညွှန်ကြားမှုဌာနကအတည်ပြုပြီးဖြစ်သည့်မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်ပြုစုထားသောကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်းနှင့်သင်းဖွဲ့မှတ်တမ်းများ(Memorandum and Articles of Association)

၅။ ရင်းနှီးမြှုပ်နှံသူအနေဖြင့် မြေအသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍သတ်မှတ်ပြဌာန်းမည့်စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၆။ စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.) မှ နိုင်ငံခြားသားကျွမ်းကျင်သူများငှားရမ်းခွင့်ကိစ္စနှင့်စပ်လျဉ်း၍မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအခန်း(၉)၊ အပိုဒ်-၃၃ ပါသတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့သီးခြားတင်ပြလျှောက်ထားရမည်။

၇။ စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.) သည်၎င်းခွင့်ပြုမိန့်အရ သစ်အခြေခံစက်မှုလုပ်ငန်း(သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရာ၌ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုစသည်များမဖြစ်ပေါ်စေရန်အတွက်လိုအပ်သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေးအစီအမံများကိုစနစ်တကျထား၍ ဆောင်ရွက်ရမည်။

၈။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက်ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင်အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့်ညှိနှိုင်း ဆောင်ရွက်ရမည်။

၉။ အဆိုပြုလုပ်ငန်းစတင် ဆောင်ရွက်သည့်နေ့ရက်ကို ၎င်းကော်မရှင်သို့ အမြန်ဆုံးအစီရင်ခံရမည်။

၁၀။ ဤခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့မှစ၍တစ်နှစ်အတွင်းအဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းမပြုနိုင်ပါက ဤခွင့်ပြုမိန့်သည်အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်သည်ဟုမှတ်ယူရမည်။

အမိန့်အရ—

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး
[ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်ရုံး]

စာအမှတ်၊ ၇က-၁/ ပ-၈၈၆/ ၉၆(၁၅၀၅)၊
ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်။

<u>ဖြန့်ဝေခြင်း။</u>

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ ဒုတိယဝန်ကြီးချုပ်ရုံး။
၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။
၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၈။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။
၉။ အလုပ်သမားဝန်ကြီးဌာန။
၁၀။ သစ်တောရေးရာဝန်ကြီးဌာန။
၁၁။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။
၁၂။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုးသတ်မှတ်ရေးအဖွဲ့ဝင်။
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းကိုင်နှင့်စစ်ဆေးရေး ဦးစီးဌာန)
၁၃။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။
၁၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သတ္တုလုပ်ငန်း။
၂၀။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
၂၂။ အုပ်ချုပ်မှုဒါရိုက်တာ၊ စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက်။
(C.D Intertrade Co., Ltd)

အမိန့်အရ —

(မောင်မောင်ရို)
တွဲဖက်အတွင်းရေးမှူး ။

* ဇိန်၁-၁-၉၇။

အထွေထွေအရ ၆၇၅-၁၆

(ရုံးတွင်း စာအကျဉ်းချုပ် သို့တည်း မဟုတ် စာကြမ်း ရေးရန်အတွက်)

အကြောင်းအရာ။ ။ <u>စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက်(C.D Industries & Construction Co., Ltd.) သို့သစ်အခြေခံစက်မှုလုပ်ငန်း(သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်နိုင်ရန်အတွက်ခွင့်ပြုမိန့်ထုတ်ပေးခြင်း။</u>

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက်(C.D Intertrade Co., Ltd.) သည် စီဒီအင်ဒတ်(စ်)ထရီအင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.)တည်ထောင်ကာ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဒေသ၊ ဇုန်အမှတ်(၂)၊ မြေကွက်အမှတ်(၃)(၄)(၅)(၆)ရှိ မြေ၅.၂၆၄ဧက(၂၁၃၀၂.၆၇ စတုရန်းမီတာ)တွင်စက်ရုံတည်ဆောက်ပြီး၊ သစ်အခြေခံစက်မှုလုပ်ငန်း(သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း)ကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား(၂၀-၁၂-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၉/၉၆)ကြိမ်မြောက် အစည်းအဝေးသို့တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ခဲ့ပါသည်။

၂။ ကော်မရှင်၏ဆုံးဖြတ်ချက်နှင့်အညီယင်းအဆိုပြုလုပ်ငန်းအား(၂၆-၁၂-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏(၄၃/၉၆)ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံးမှတင်ပြခဲ့ရာယင်းအစည်းအဝေးမှ သဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။

ဘ ဖွေ ဖွေအရ ပိ ၇၆ – ၁၆

(ပုံး ဖွင့် စာအကျဉ်း ချုပ် သို့တည်း မဟုတ် စာကြမ်း ရေး ရန်အတွက်)

၃။ ထို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၅)ပုဒ်မ ၁၀နှင့်ယင်းဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအခန်း(၄)၊ အပိုဒ် ၁၂တို့နှင့်အညီ စီဒီအင်ဒတ်(စ်)ထရီအင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက်(C.D Industries & Construction Co., Ltd. –)သို့ထုတ်ပေးမည့် ခွင့်ပြုမိန့် ကွင်လက်မှတ်ရေးထိုးပေးနိုင်ပါရန်နှင့်ယင်းခွင့်ပြုမိန့်ထုတ်ပေးမည့် အမှာစာ(မူကြမ်း) ကိုသဘောတူအတည်ပြုပေးနိုင်ပါရန်ပြုစုတင်ပြလျက်အမိန့်နာခံအပ်ပါသည်။

၂-၁-၉၇။

အတွင်းရေးမှူး(ဝန်ကြီး)၊ ၂/၁

Permit [illegible]

၂/၁

ဥက္ကဋ္ဌ(ဒုတိယဝန်ကြီးချုပ်)။

၂/၁

* စိန် ၁-၁-၉၇။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်၊ /၉၇
ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ လ ရက်
(၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက် (C.D Intertrade Co., Ltd.) သည် စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်း ကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.) တည်ထောင်၍ ရန်ကုန်မြို့၊ မှိုင်သာယာမြို့နယ်၊ စက်မှုဒေသ၊ ဇုန်အမှတ်(၂)၊ မြေကွက်အမှတ် (၃)(၄)(၅)(၆) ရှိ မြေ ၅.၂၆၄ ဧက (၂၁၃၀၂.၆၇ စတုရန်းမီတာ) တွင်စက်ရုံတည်ဆောက်ပြီး သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း) ကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၂၀-၁၂-၉၆) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉/၉၆) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ (၂၆-၁၂-၉၆) နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၄၃/၉၆) ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်ရုံးမှတင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.) အား သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၀၅၄/၉၇ ကိုထုတ်ပေးလိုက်သည်။

၂။ စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်း ကုမ္ပဏီလီမိတက် (C.D Industries & Construction Co., Ltd.) အနေဖြင့် ၎င်းခွင့်ပြုမိန့်အရ သစ်အခြေခံစက်မှုလုပ်ငန်း (သစ်အချောထည်များထုတ်လုပ်ဖြန့်ဖြူးခြင်း) ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ

ကုန်ထုတ်လုပ်မှုလုပ်ငန်းစတင်သောနှစ်အပါအဝင်တဆက်တည်း (၃) နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် ဥပဒေပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်များနှင့်အညီ သက်သာခွင့်ပေးပြီး ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃ (က) အရ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ မမဘ ပေါ်မူတည်၍ ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့် မမဘကို ဖော်ပြထားသော လုပ်ငန်းအ ထောက်အထားဖြစ်သည့် ဖော်ပြချက်နှင့် ပေါ်မူတည်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃ (ခ) အရ လုပ်ငန်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေ ပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ သက်သာခွင့်ဖြင့် ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃) နှစ် ခံစားပြီး နောက်လုပ်ငန်းမှ နိုင်ငံခြား ထောက်အထားဖြစ်သည့် ဖော်ပြချက်နှင့် ကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃ (ဂ) အရ ထုတ်လုပ်မှုလုပ်ငန်း ကြောင့်သတ်မှတ်သည့် နှုန်းထားဖြင့်လျှော့ပြီး ဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီးနောက် လုပ်ငန်း ထောက်အထားဖြစ်သည့် ဖော်ပြချက်နှင့် ကော်မရှင်သို့တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃ (ဃ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကိုသီးသန့် ရန်ပုံငွေထားရှိ၍ တစ်နှစ်အတွင်း လုပ်ငန်း၌ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေ ပေါ်တွင်ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးနောက် ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်လုပ်ငန်းအ ထောက်အထား အထည် ဖော်နိုင်မှုအ ခြေအနေကို ဖော်ပြချက် ကော်မရှင်သို့တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃ (င) အရ လုပ်ငန်းသုံး မကြာမီ ပစ္စည်းများ ပေါ်တန်ဖိုး လျော့ငွေကို သတ်မှတ်သည့်နှုန်းအတိုင်း နှစ်စဉ်နှုတ်ယူ ဖြည့်စွက်သည့် အမြတ်ငွေမှ နုတ်ယူခွင့်နှင့် ပစ္စည်းတန်ဖိုး လျော့ငွေ ထားမှုများကို ကော်မရှင်သို့တင်ပြ လျှောက်ထားရမည်။

[illegible]

(စ) ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလအတွင်း ပြည်တွင်း၌မရရှိနိုင်သည့် အမှန်တကယ်လိုအပ်၍ ပြည်ပမှ တင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာအစိတ်အပိုင်း လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များ နှစ်မျိုးလုံးကိုကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃ (ဈ) အရ ကနဦးရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံးပြီး ပထမ (၃) နှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့်ကုန်ကြမ်းများ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့်အခြား ပြည်တွင်းအခွန်အကောက်များကိုကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ (ဇ) အရ ပြည်ပမှတင်သွင်းသည့်စက်ပစ္စည်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်းကိုင်တွယ် ဆောင်ရွက်ရမည်။

(က) နိုင်ငံခြားငွေရရှိပုံ နည်းလမ်း (Source of Payments for Import) ဥပမာ- ပြည်ပတင်ပို့မှုဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits) ကုန်ပစ္စည်းပြန်လည်ဝယ်ယူသည့်စနစ် (Buy-back System) စသည်တို့ကို ဖော်ပြရန်၊

(ခ) တင်သွင်းမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ ဈေးနှုန်းများ [illegible] နိုင်ငံတကာအသိ အမှတ်ပြု [illegible] (Inspection Agency) [illegible] ဆောင်ရွက်ရန်၊

(ဂ) စစ်ဆေးရေးကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့်ပစ္စည်း အမျိုးအစားစာရင်း (Invoice and Packing List) များကို နိုင်ငံခြားငွေ [illegible] သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက်ရယူရန်။

၄။ [illegible] ([illegible]) [illegible] ကုမ္ပဏီလီမိတက် ([illegible] Industries & Construction Co., Ltd.) ကိုမြန်မာကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန်အတွက် ကုမ္ပဏီများညွှန်ကြားမှုဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။ ကုမ္ပဏီအား မှတ်ပုံတင်ပြီးသည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်း (၂) စောင်စီကိုကော်မရှင်သို့ ပေးပို့တင်ပြရမည်။

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)

(ဂ) ကုမ္ပဏီများဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သည့် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားသော ကုမ္ပဏီ၏ ဖွဲ့စည်းပုံ စာချုပ်နှင့် စည်းမျဉ်းများ (Memorandum and Articles of Association)

၂။ ရင်းနှီးမြှုပ်နှံသူက နေပြည်တော် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစိုးရမှ ဖြေလျှော့ပေးသည့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။

၃။ စီဒီအင်ဒပ်(စ်)ထရီ(စ်) အင်း ကွန်စထရက်ရှင်း ကုမ္ပဏီလီမိတက် (C.D. Industries & Construction Co., Ltd.) မှ နိုင်ငံခြားသားပိုင် ရင်းနှီးမြှုပ်နှံငွေ ကျင့်ထုံးများ ... ရင်းနှီးမြှုပ်နှံမှုဥပဒေ ... အပိုဒ် (၁) ၊ အပိုဒ် - ... သတ်မှတ်ချက်များ နှင့်အညီ ... လိုက်နာရမည်။

၄။ စီဒီအင်ဒပ်(စ်)ထရီ(စ်) အင်း ကွန်စထရက်ရှင်း ကုမ္ပဏီလီမိတက် (C.D. Industries & Construction Co., Ltd.) သည် ... ဆောင်ရွက် ... (...) ... တိကျစွာ ဆောင်ရွက်ရမည်။

၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် ခန့်ထားသည့် အလုပ်သမားများ ... အလုပ်သမားဆိုင်ရာ ဥပဒေများ နှင့်အညီ ဆောင်ရွက်ရမည်။

၆။ အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်သည့် နေ့ရက်ကို ဤ ကော်မရှင်သို့ အမြန်ဆုံး အသိပေးရမည်။

၁၀။ ဤ ခွင့်ပြုမိန့်ထုတ် ပေးသည့် နေ့မှ စ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤ ခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

အမိန့်အရ—

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး
[ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်ရုံး]

စာအမှတ်၊ ၇က-၁/မ-၀၈၆/၉၆(   )၊
ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ   ရက်။

ဖြန့်ဝေခြင်း။

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ ဒုတိယဝန်ကြီးချုပ်ရုံး။
၅။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။
၆။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၈။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။
၉။ အလုပ်သမားဝန်ကြီးဌာန။
၁၀။ သတ္တုရေးရာဝန်ကြီးဌာန။
၁၁။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်။
၁၂။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေးအဖွဲ့ငယ်။
(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေး ဦးစီးဌာန)
၁၃။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။
၁၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း။
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။

ရုံး.ဖက်

၁၆။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန။
၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။
၂၀။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
၂၂။ အုပ်ချုပ်မှုဒါရိုက်တာ၊ စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက်။
(C.D Intertrade Co, Ltd.)

အမိန့်အရ—

(မောင်မောင်ရီ)
ဒုအတွင်းရေးမှူး ။

* စိန် ၁-၁-၉၇။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဒုတိယဝန်ကြီးချုပ်ရုံး
ရန်ကုန်မြို့.

စာအမှတ်၊(ဒု) ဝ၀၇/ ၇ဝဝ/ ၁(၄၁၉)၊
ရက်စွဲ၊ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့
တင်ပြသည့်မှတ်စုစာ

အကြောင်းအရာ။ ။ စီဒီအင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်းကုမ္ပဏီ လီမိတက်မှ ထောင်ချောက်အတွက် ငွေကြေးသုံးစွဲမှုအားထုတ်လုပ်ခြင်း ပြီးစီးခြင်းလုပ်ငန်း စာချုပ်ရန် ခွင့်ပြုပေးပါရန် တင်ပြခြင်းကိစ္စ။

၁။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော စီဒီအင်ဒတ်စထရီကုမ္ပဏီလီမိတက်ဖြစ်သည့် စီဒီ အင်ဒတ်(စ်)ထရီ(စ်)အင်န်ကွန်စထရက်ရှင်းကုမ္ပဏီလီမိတက်(C.D Industries & Construction Co., Ltd. —) ၂၀ ... ရန်ကုန်မြို့ ... မှ ... သစ်တောထွက်ပစ္စည်း ... ငွေသားထုတ်လုပ်ခြင်း ပြီးစီးခြင်း လုပ်ငန်း)ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန် ခွင့်ပြုတင်ပြထားပါသည်။ ယင်းအဆိုပြုချက်ကို (၂၀ - ၁၂ - ၉၀) နေ့တွင်ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉ / ၉၀) ကြိမ်မြောက်အစည်းအဝေး၌ တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ မူအားဖြင့် သဘောတူညီပြီး အစိုးရအဖွဲ့သို့ တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ အစိုးရအဖွဲ့သို့ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့် ငွေကြေးရေးရာ ... ကိုးကား ... လုပ်ငန်းအကျဉ်းချုပ်(မူကြမ်း)ကို နောက်ဆက်တွဲ(က)အဖြစ် ပူးတွဲတင်ပြအပ်ပါသည်။

၂။ လုပ်ငန်းတစ်ခုလုံး ငွေရင်းမတည်ငွေ နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၁၀.၈ ... သိန်းအပါအဝင် ကျပ် ... သိန်းဖြစ်ပါသည်။ ယင်းတို့ ငွေသား ကျပ် ၁၀.၂၂ သိန်း(အမေရိကန် ဒေါ်လာ ၁၀.၄၇ သိန်းအပါအဝင်)ကို နိုင်ငံခြားမှ ... ကျပ် ၁၂.၆၀ သိန်း၊ ... ၁၀.၀၀ သိန်း၊ ... ကျပ် ၂၆.၃၂ သိန်း၊ ... ကျပ် ၂.၁၀ သိန်း(အမေရိကန် ဒေါ်လာ ၁၀.၃၆ သိန်း)ဖြင့် ...

ဝင်မည်ဖြစ်ပါသည်။ ငွေသားဝေးစျေး ငွေနှင့်ဆက်ပြောက်ဆိုင်ရာ ထားရှိသော ဝယ်ယူရေးစီအစဉ်တော် သာ ဝေးမိုးကုန် စေါ်လဝ ရောင်းဝယ်ရေးလုပ်ငန်းကို ဟောင်ကောင်နိုင်ငံ Joyful Wise International Ltd. မှ ရေရှည်ချေးငွေ ပေး ချေမြင်းစနစ်ဖြင့် ဝယ်မည့်ငွေဖြင့် အမြတ်ရ နှစ်အလိုက် ထုတ်လုပ်ရေး စွမ်းအင် ပြန်လည်နှစ်ဆောင်ကြိမ် ... ပေးဆပ်မည်ဖြစ်ပါသည်။

၃။ ဤလုပ်ငန်းကို ဆောင်ရွက်ရန် စီမံခန့်ခွဲသူ ရှိကိုရုံးမှ ဖော်ထုတ်ထား မည့်ပြည်ထောင်စု ဝယ်ယူတား ဥပဒေ ... ဗဟိုနှင့်စစ်ဆေးရေး၊ ရုံးထိုင် ... (၂) ၊ မြို့နယ် အမှတ် (၅) ၊ (၄) ၊ (၁) ၊ (၆) ရှိ ... ၂၆၄၈ (၂၀၇၀၂.၆၇ ...) ... ရှိပြီး ... ထုတ်လုပ်ရေးလုပ်ငန်းအဖြစ် ... နှင့် ... ထုတ်လုပ်မှုပြင်ဆင်မှု လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ... ကျပ် ၂၆.၃၂ သိန်းနှင့် ... အောက်အဆင့် ... ဝယ်ယူရေးလုပ်ငန်းကို ... ပြီးထားပါသည်။

၄။ ဤလုပ်ငန်းအတွက် ... ထုတ်လုပ်ထားသော ... နှင့် ... လုပ်ငန်းနှင့် ... ရောင်းချမည်ဖြစ်ပါသည်။ ... ရောင်းချမှုများ ... နှင့် ... ဝယ်ယူထုတ်လုပ်ရန် ... လုပ်ငန်းမှ ... ကုန်ချောများ ... ဈေးဆော် နိုင်ငံခြား ငွေရှာနိုင်မည် ... ဖြစ်ပါသည်။ ဤလုပ်ငန်းမှ ထုတ်လုပ်မှုကို ... နိုင်ငံခြားသို့ ... ပြည်ပသို့ ရောင်းချ ... ပြည်တွင်းရောင်းချ ... ရောင်းချမည်ဖြစ်ပါသည်။ ဤလုပ်ငန်းမှ ... ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

	ပြည်တွင်းရောင်းချရန်		ပြည်ပရောင်းချရန်	
	ထုတ်လုပ်မှု	ဈေးနှုန်း	ထုတ်လုပ်မှု	ဈေးနှုန်း
ကုန်ပစ္စည်း/ပြုပြင်ထားသော	(ကုဗမီတာ)	(ကျပ်သိန်း/ကုဗမီတာ)	(ကုဗမီတာ)	(US$ /ကုဗမီတာ)
- ကျွန်း	၁၅၀	၀.၄၆	၃၅၀	၃၀၀၀
- သစ်မာနှင့်အခြားသစ်	၄၂၀	၀.၂၄	၂၈၀	၁၅၀၀
ပရိဘောဂများ				
- ကျွန်း	၁၅၀	၀.၄၂	၄၅၀	၂၀၀၀
- သစ်မာနှင့်အခြားသစ်	၈၈၀	၀.၂၁	၄၃၀၀	၁၄၀၀

၅။ ဤလုပ်ငန်း [illegible] ဝင်ငွေနှင့် အသုံးစရိတ် [illegible] နှုန်း [illegible] ဖော်ပြပါအတိုင်းဖြစ်ပါသည်။

		[illegible]	မြို့ပြ	[illegible] (ရာခိုင်နှုန်း)
(က)	ဝင်ငွေ	၆၁၇.၃၀	၅၇.၄၆	၆၅၄.၈၆
(ခ)	အသုံးစရိတ်	၆၁၄.၁၁	၄၁.၉၄	၆၅၆.၀၅
(ဂ)	အသားတင်အမြတ်	၃.၂၉	၁၁.၅၀	၁၄.၈၁

၆။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ [illegible] ရရှိမည့် [illegible] နှုန်း [illegible] ဖော်ပြပါအတိုင်းဖြစ်ပါသည်။

		(ရာခိုင်နှုန်း)
(က)	ဝင်ငွေခွန်	၆.၇၀
(ခ)	ကုန်သွယ်မှုလုပ်ငန်းခွန်	[illegible]

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ရန် [illegible] (၂၀၀) ဦးနှင့် [illegible] ဖြစ်ပါသည်။

၈။ ဤလုပ်ငန်းကို ဆောင်ရွက်မှုကြောင့် [illegible] နိုင်ငံခြား [illegible] ဖြစ်ပြီး၊ [illegible] နိုင်ငံတော် [illegible] ပေးမည်ဖြစ်ပါသည်။

၉။ ဤလုပ်ငန်း လုပ်ကိုင်ရန် [illegible] ဖြစ်ပါသည်။

၁၀။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအားလုံးကို ခံစားခွင့်ပြုရန် လျှောက်ထားလိုပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ်အတွက်ဝင်ငွေခွန်ကင်းလွတ်ခွင့် ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များအနက် လုပ်ငန်းနှင့်သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ဆုံးဖြတ်ခဲ့ပါသည်။

၁၁။ ဆုံးဖြတ်ရန်အချက်။

(က) စီဒီအင်ဒတ်(စ်)ထရိ(စ်) အင်န်တွန်စထရက်ရှင်း ကုမ္ပဏီ လီမိတက်တည် ဆောက်ရေးသုံးပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ - မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ရန်သဘောတူပါက မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ - မတူ။

၁၂။ ဒုတိယဝန်ကြီးချုပ်ရုံး၏ ထောက်ခံချက်။

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

[ဗိုလ်မှူးချုပ် မောင်မောင်]
ဝန်ကြီး
ဒုတိယဝန်ကြီးချုပ်ရုံး
နှင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့။

* စိန် ၂၁-၁၂-၉၆။



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သစ်တောရေးရာ ဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၂/၂၂ ၁(က)(၂)(၂၂၂၂ / ၉၆)။

ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်။

အကြောင်းအရာ။ ။ သဘောထားမှတ်ချက် ပေးပို့ခြင်း ကိစ္စ။

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၈-၁၀-၉၆ ရက်စွဲပါစာအမှတ်၊ ရကမ - ၁/ မ - ၀၀၆/၉၆(၁၁၁၂)

၁။ အထက်ရည်ညွှန်းစာဖြင့် ... နှင့်ပတ်သက်၍ စိစစ်ရာတွင် -

- ယင်းကုမ္ပဏီ လုပ်ငန်းများမှ Value Added Products များထုတ်လုပ် ရန်ဖြစ်ခြင်း
- မြန်မာ့ ... လုပ်ငန်း ... ခြင်း
- နိုင်ငံခြားမှ ... မဖြစ်ခြင်း

တို့ကြောင့် ... ရှိကြောင်း ... ပါသည်။

၂။ ... ပေးပို့အပ်ပါသည်။

(မောင်မောင်ထွေး ၊ ဦး ...)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူ - မြန်မာ့သစ်လုပ်ငန်း

- ... ရုံး

အမြန်

5960
19/12/96



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၂/၂၂၀(က)(၂)(၃၃၃၃/၉၆)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်။

အကြောင်းအရာ။ ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၈-၁၀-၉၆ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၀၈၆/၉၆(၁၁၁၂)

၁။ အထက်ရည်ညွှန်းစာဖြင့်တင်ပြစာပါကိစ္စနှင့်ပတ်သက်၍ စိစစ်ရာတွင်-

- သစ်အခြေခံလုပ်ငန်းများမှ Value Added Products များထုတ်လုပ်ရန်ဖြစ်ခြင်း
- မြန်မာတိုင်းရင်းသားပိုင်လုပ်ငန်းဖြစ်ခြင်း
- နိုင်ငံတော်မှသတ်မှတ်ထားသည့်စက်မှုဇုန်မြေနေရာ၌တည်ဆောက်မည်ဖြစ်ခြင်း

တို့ကြောင့်အဆိုပြုချက်ကိုကန့်ကွက်ရန်မရှိကြောင်းပြန်ကြားအပ်ပါသည်။

၂။ နှစ်စဉ်လိုအပ်သည့်ကျွန်းနှင့်သစ်မာများကိုမူမြန်မာ့သစ်လုပ်ငန်းနှင့် ဆက်သွယ်၍တရားဝင်ဝယ်ယူရရှိရေးကိုဆောင်ရွက်ရန်လိုအပ်ပါကြောင်းအကြံပြု ဖော်ပြအပ်ပါသည်။

ဒုတိယဝန်ကြီး ကိုယ်စား
(မောင်မောင်ထွေး၊ ရုံးအဖွဲ့မှူး)

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်</u>

မိတ္တူ - မြန်မာ့သစ်လုပ်ငန်း
- သစ်တောဦးစီးဌာန။

စနှ၁

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၆၅၃/၆၆၇၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့.

Telex 21368 INVEST BM
Fax : 095 - 01 - 82101

တယ်လီဖုန်း - ၇၂၀၀၉
- ၇၂၂၁၉
- ၇၂၈၇၀

စာအမှတ်၊ ရက-၁/မ-၀၈၆/၉၆ (၁၁၁၂)။
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်။

အကြောင်းအရာ။ ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ C.D Intertrade Co., Ltd. ၏ ၁၇-၁၀-၉၆ ရက်စွဲပါစာ။

၁။ အထက်ရည်ညွှန်းပါစာအရ C.D Industries & Construction Co.Ltd. ဖွဲ့စည်းတည်ထောင်၍၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ ဇုန်အမှတ်(၂)၊ မြေကွက်အမှတ်(၃)(၄)(၅)နှင့်(၆)ရှိ ၅.၂၆ ဧကအကျယ်အဝန်းရှိသော မြေနေရာတွင် သစ်အခြေခံထုတ်ကုန်များ ထုတ်လုပ်၍ နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းနှင့်ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုပါရန် ကော်မရှင်သို့တင်ပြ လျှောက်ထားလာပါသည်။ (ပူးတွဲ)

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်း အခန်း (၃)၊ အပိုဒ်-၁၁ ပါပြဋ္ဌာန်းချက်နှင့်အညီအဆိုပြုချက်ကိုစိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါသဖြင့်အဆိုပြုချက်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာန၏သဘောထားမှတ်ချက် ကိုပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)
(စီစီဝင်း ၊ ညွှန်ကြားရေးမှူး)။

<u>ပို့ အဖွဲ့မှူး</u>
<u>သစ်တောရေးရာဝန်ကြီးဌာန။</u>

ပူးတွဲ-(၁) အဆိုပြုချက်။
(၂) ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍တွက်ချက်မှုဇယားများ ။
(၃) လုပ်ငန်းပိုင်နှင့်ငွေရေးကြေးရေးအထောက်အထားများ ။
(၄) မြေနှင့်ပတ်သက်သောအထောက်အထားများ ။

Received.
7/11/96

*ဖ၂၇/၁၀/၉၆။

MIC (?/??) အစည်းအဝေး
(၁၈.၁၁.၉၆) ဖြင့်

<u>လျှို့ဝှက်</u>

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(၁)/[illegible]/၁၃၀၈
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

<u>အ မှာ စာ</u>

အကြောင်းအရာ။ ။ <u>ဂျီဒီအင်ဒပ်(စ်)ထရီ(စ်)အင်းကွန်စထရပ်ရှင်း ကုမ္ပဏီလီမိတက်က ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းများ [illegible] ရင်းနှီးမြှုပ်နှံခြင်း [illegible] အတည်ပြုခွင့်ပြုချက်ရယူခြင်း။</u>

၁။ မြန်မာနိုင်ငံသား [illegible] ဂျီဒီအင်ဒပ်(စ်)ထရီ(စ်)အင်းကွန်စထရပ်ရှင်းကုမ္ပဏီလီမိတက် (G.D Industries & Construction Co.,Ltd.) က [illegible] ရန်ကုန်မြို့ [illegible] ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်း ([illegible]) ကို [illegible] များ ရင်းနှီးမြှုပ်နှံ [illegible] ရန် [illegible] (၂၂-၁၀-၉၆) [illegible] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၉၆) [illegible] အစည်းအဝေး [illegible] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ [illegible] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ [illegible] ဖြစ်ပါသည်။ [illegible] ([illegible]) [illegible] ကို <u>နောက်ဆက်တွဲ(က)</u> တွင် တင်ပြထားပါသည်။

၂။ လုပ်ငန်း၏ မတည်ငွေရင်း [illegible] ကျပ် ၁၁၀.၀၀ သန်း [illegible] ၇.၀၀ သန်း ဖြစ်ပါသည်။ [illegible] ကျပ် ၁၁.၂၂ သန်း ([illegible] ၁၀.၄၄ သန်း [illegible]) [illegible] များ ကျပ် ၁၂.၆၀ သန်း၊ [illegible] ကျပ် ၁၇.၀၀ သန်း၊ [illegible] ကျပ် ၆.၃၂ သန်း၊ [illegible] ကျပ် ၂.၁၆ သန်း ([illegible] ၁၁၀.၃၆ သန်း)

<u>လျှို့ဝှက်</u>

ဖြင့်ထည့်ဝင်မည်ဖြစ်ပါသည်။ ငွေသားချေးငွေနှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၁၀.၈၀ သန်းကို ဟောင်ကောင်နိုင်ငံ Joyful Wide International Ltd မှ ချေးငှားငွေ ပေးချေခြင်းနည်းအရ ရယူမည်ဖြစ်ပြီး အတိုးနှုန်း တစ်နှစ်လျှင် ၈ % ဖြင့် ၄ နှစ်အတွင်း ပြန်လည်ပေးဆပ်မည်ဖြစ်ပါသည်။

၃။ ဤလုပ်ငန်းကို ဆောင်ရွက်ရန် ဇိဒ်ဒီအင်တာ ... ရိတ်ကုမ္ပဏီလီမိတက်အမည်ဖြင့် ဝယ်ယူထားသော လှိုင်သာယာမြို့နယ်၊ ကော်ဖွဲ့ဒေသ၊ ရပ်အမှတ်(၂)၊ မြေကွက်အမှတ်(၃)၊(၄)၊(၅)၊(၆) ရှိ မြေကွက်အကျယ် ၅.၂၆၄ ဧက (၂၁၃၀၂.၄၇ စတုရန်း မီတာ) တွင် စက်ရုံကြီးဆောက်ပြီး သစ်အခြောက်ခံစက်မှုလုပ်ငန်း အဖြစ် ကံ့ခါးနှင့် ပရိဘောဂများ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ မြေတန်ဖိုး ကျပ် ၂၆.၃၂ သန်းနှင့် ဆောက်အဦတန်ဖိုး ကျပ် ၁၅.၈၀ သန်းကို မတည်ငွေအဖြစ် ထည့်ဝင်ထားပါသည်။

၄။ ဤလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းဖြစ်သည့် ကျွန်း၊ သစ်မာနှင့် အခြားသစ်များကို မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနမှ [illegible] ဖြင့်ရောင်းချခြင်းများမှလည်းကောင်း၊ သစ်လုပ်ငန်းဖက်စပ် [illegible] တရားဝင်သစ်ဝယ်ယူထုတ်လုပ်ခွင့်ရရှိထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ ကာလပေါက်ဈေးအရ နိုင်ငံခြားငွေနှင့် ကျပ်ငွေများဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဤလုပ်ငန်းမှ ထုတ်လုပ်မှု၏ ၇၀ % ကို ပြည်ပသို့ တင်ပို့ရောင်းချပြီး ကျန် ၃၀ % ကို ပြည်တွင်း၌ ကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါသည်။ ဤလုပ်ငန်းမှ ပုံမှန်နှစ်တွင် ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	ပြည်တွင်းရောင်းချရန်		ပြည်ပရောင်းချရန်	
ကံ့ခါး/ပြူတင်းပေါက်	ထုတ်လုပ်မှု (ကုဗမီတာ)	ဈေးနှုန်း (ကျပ်သိန်း/ကုဗမီတာ)	ထုတ်လုပ်မှု (ကုဗမီတာ)	ဈေးနှုန်း (ဒေါ်လာ/ကုဗမီတာ)
- ကျွန်း	၁၅၀	၀.၄၆	၃၅၀	၃၁၀၀
- သစ်မာနှင့်အခြားသစ်	၄၂၀	၁.၂၃	၆၈၀	၁၅၀၀
ပရိဘောဂများ				
- ကျွန်း	၁၅၀	၀.၄၂	၃၅၀	၂၈၀၀
- သစ်မာနှင့်အခြားသစ်	၁၈၆၀	၀.၂၀	၄၃၄၀	၁၄၀၀

၅။ ဤလုပ်ငန်း မှ ပုံမှန်နှစ်တွင်ရရှိမည့်ဝင်ငွေနှင့်အသုံးစရိတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကျပ်သန်း)

	ပြည်တွင်း	ပြည်ပ	စုစုပေါင်း
(က) ဝင်ငွေ	၆၁၇.၄၀	၅၇.၄၆	၆၇၄.၈၆
(ခ) အသုံးစရိတ်	၆၁၄.၁၁	၄၅.၉၀	၆၆၀.၀၁
(ဂ) အသားတင်အမြတ်	၃.၂၉	၁၁.၅၆	၁၄.၈၅

၆။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့်အကျိုးအမြတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ကျပ်သန်း)

(က) ဝင်ငွေခွန်	၆.၃၆
(ခ) ကုန်သွယ်လုပ်ငန်းခွန်	၁၅၄.၃၅

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်ပြည်တွင်း မှ ဝန်ထမ်း (၂၀၀)ဦး နှင့်ပြည်ပမှ ကျွမ်းကျင်သူ (၁၀)ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်ပါသည်။ နိုင်ငံခြားသား ပညာရှင်ဝန်ထမ်း များ ကိုစက်ရုံအား ပြေပြစ်စွာလည်ပတ်လုပ်ကိုင်နိုင်ရေးအတွက် ပထမနှစ်နှင့်ဒုတိယနှစ်များ ကွင်းသာအချိန်ပိုင်း ဖြင့်ခန့်ထား မည်ဖြစ်ကြောင်းဖော်ပြထား ပါသည်။

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံသား များ သာလျှင်ပိုင်ဆိုင်သောလုပ်ငန်း ဖြစ်ပြီး နိုင်ငံခြား မှမည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်း နှင့် မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ မှပြဋ္ဌာန်း မည့်စည်းကမ်း သတ်မှတ်ချက် များ ကိုလိုက်နာ ဆောင်ရွက်မည်ဖြစ် ကြောင်း ကတိဝန်ခံချက် ပေးထား ပါသည်။

၉။ ဤလုပ်ငန်း လုပ်ကိုင်ရန်အတွက်သစ်တောရေးရာဝန်ကြီး ဌာနသို့သဘောထား မှတ်ချက် တောင်း ခံထား ဆဲဖြစ်ပါသည်။

၁၀။ ဤလုပ်ငန်း ဆောင်ရွက်ရန်အတွက် ငွေကြေး ဆိုင်ရာအထောက်အထား အဖြစ် စီဒီအင်တာပရိုက်ကုမ္ပဏီလီမိတက်၏ အာရှခနေဘဏ်လီမိတက်ရှိ ၂၂.၁၀.၉၆ နေ့ဘဏ်လက်ကျန်စာရင်း နှင့်၃၁.၃.၉၅ နေ့ရှိနှစ်ချုပ်စာရင်း နှင့်လက်ကျန်ရှင်း တမ်း များ ကိုတင်ပြထား ပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ပြုရန်လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် ဆက်တိုက် (၃) နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရမည်ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တောင်းခံထားရာ အောက်ပါအတိုင်း သုံးသပ်ရပါသည်။

- ဥပဒေပုဒ်မ ၁၃ (က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေပေးချေမှုအပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့်နှင့်ပက်သက်၍ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အကောင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါ ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ခ) အရ လုပ်ငန်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့်အမြတ်ငွေအပေါ် ၅၀ ရာခိုင်နှုန်း ဝင်ငွေခွန် သက် [illegible] ဖော်နိုင်မှုအ [illegible] ကို ဖော်ပြလျက် ပမာဏဝင်ငွေခွန် ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီး သည့်နောက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါ ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ကုန်ထုတ်လုပ်မှုကြောင့် ပြည်တွင်းပြည်ပ ဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန် သက်သာခွင့်ကို လုပ်ငန်း အကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါ ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဃ) အရ သုံးကုန်ထုတ်လုပ်ငန်း အဖြစ်အကျိုး ဖြစ်ထွန်းသည့် လုပ်ငန်းအပေါ် သင့်လျော်သောကာလ အထိ ဝင်ငွေခွန်သက်သာခွင့် တောင်းခံခြင်း ကိုအကျုံး ဝင်ခြင်း မရှိဟု သုံးသပ်ရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ
ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ရန်

အဆိုပြုချက်

စီဒီအင်ဒတ်စ်ထရီ(စ်)အင်န်ကွန်စထရက်ရှင်း ကုမ္ပဏီလီမိတက်

****

PROPOSAL OF THE INVESTOR TO MAKE

MYANMAR CITIZENS INVESTMENT IN THE

UNION OF MYANMAR

C.D INDUSTRIES & CONSTRUCTION COMPANY LIMITED

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်၊

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များပေးပို့ခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ C.D INTERTRADE COMPANY LIMITED သည် ကျွန်တော်တို့ကုမ္ပဏီပိုင်ဖြစ်သော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဒေသ၊ ဇုန်အမှတ် (၂)၊ မြေကွက်အမှတ်(၃)၊(၄)၊(၅) နှင့်(၆) ရှိ ၅ .၂၆၄ ဧက အကျယ်အဝန်းရှိသောမြေနေရာကို အရင်းအနှီးအဖြစ်ထည့်ဝင်ပြီး၊ ကျွန်တော်တို့ကုမ္ပဏီမှ(၁၀၀) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်၍ C.D INDUSTRIES & CONSTRUCTION COMPANY LIMITED ကုမ္ပဏီအသစ်ကိုတည်ထောင်ပြီး ယင်းမြေနေရာတွင် သစ်အခြေခံထုတ်ကုန်များ၊ (ကြမ်းခင်းတုံး၊ တံခါး၊ ပြူးတင်းပေါက်၊ ပရိဘောဂပစ္စည်း စသည်များ) ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားသို့တင်ပို့နိုင်ရန် အတွက် ရည်ရွယ်၍ ခေတ်မီနည်းပညာ၊ စက်ကရိယာများဖြင့် ထုတ်လုပ်ခွင့်ရရှိနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကို လျှောက်ထားသောကုမ္ပဏီ ဖြစ်ပါသည်။

ထို့သို့တင်ပြလျှောက်ထားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး မှ ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်ရှိသောအချက်များကို ပြန်လည်ပြင်ဆင်မှုများပြုလုပ်ထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ဆုံးဖြတ်ချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခွင့်ပြုနိုင်ရန် အတွက် ကျွန်တော်တို့ကုမ္ပဏီ၏ အဆိုပြုလွှာ(၂၇)စုံကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

(ဦးဌေးအောင်)
(အုပ်ချုပ်မှုဒါရိုက်တာ)
(စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက်)

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၆ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်၊

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များပေးပို့ခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ C.D INTERTRADE COMPANY LIMITED သည် ကျွန်တော်တို့ကုမ္ပဏီပိုင်ဖြစ်သော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဒေသ၊ ဇုန်အမှတ် (၂)၊ မြေကွက်အမှတ်(၃)၊(၄)၊(၅) နှင့်(၆) ရှိ ၅ .၂၆၄ ဧက အကျယ်အဝန်းရှိသောမြေနေရာကို အရင်းအနှီးအဖြစ်ထည့်ဝင်ပြီး၊ ကျွန်တော်တို့ကုမ္ပဏီမှ(၁၀၀) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်၍ C.D INDUSTRIES & CONSTRUCTION COMPANY LIMITED ကုမ္ပဏီအသစ်ကိုတည်ထောင်ပြီး ယင်းမြေနေရာတွင် သစ်အခြေခံထုတ်ကုန်များ၊ (ကြမ်းခင်းတုံး၊ တံခါး၊ ပြူးတင်း ပေါက်၊ ပရိဘောဂပစ္စည်း စသည်များ) ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားသို့တင်ပို့နိုင်ရန် အတွက် ရည်ရွယ်၍ ခေတ်မီနည်းပညာ၊ စက်ကရိယာများဖြင့် ထုတ်လုပ်ခွင့်ရရှိနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကို လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

အကြိုစိစစ်ရန်တင်ပြထားသောအဆိုပြုချက်မှ ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်ရှိသောအချက်များကို ပြန်လည်ပြင်ဆင်မှုများပြုလုပ်ထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကျွန်တော်တို့ကုမ္ပဏီ၏ အဆိုပြုလွှာ(၃၅)စုံကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

(ဦးဌေးအောင်)
(အုပ်ချုပ်မှုဒါရိုက်တာ)
(စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက်)

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၆ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်၊

အကြောင်းအရာ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ အကြိုစိစစ်ပေးနိုင်ရန်ပေးပို့ခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ **C.D INTERTRADE COMPANY LIMITED** သည် ကျွန်တော်တို့ကုမ္ပဏီပိုင်ဖြစ်သော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဒေသ၊ ဇုန်အမှတ် (၂)၊ မြေကွက်အမှတ်(၃)၊(၄)၊(၅) နှင့်(၆) ရှိ ၅ .၂၆၄ ဧက အကျယ်အဝန်းရှိသောမြေနေရာကို အရင်းအနှီးအဖြစ်ထည့်ဝင်ပြီး၊ ကျွန်တော်တို့ကုမ္ပဏီမှ(၁၀၀) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်၍ **C.D INDUSTRIES & CONSTRUCTION COMPANY LIMITED** ကုမ္ပဏီအသစ်ကိုတည်ထောင်ပြီး ယင်းမြေနေရာတွင် သစ်အခြေခံထုတ်ကုန်များ၊ (ကြမ်းခင်းတုံး၊ တံခါး၊ ပြူးတင်း ပေါက်၊ ပရိဘောဂပစ္စည်း စသည်များ) ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားသို့တင်ပို့နိုင်ရန် အတွက် ရည်ရွယ်၍ ခေတ်မီနည်းပညာ၊ စက်ကရိယာများဖြင့် ထုတ်လုပ်ခွင့်ရရှိနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကို လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ ကုမ္ပဏီ၏အဆိုပြုလွှာကို လိုအပ်သလိုစိစစ်ပေးနိုင်ရန်အတွက် အဆိုပြုလွှာ(၁၀)စုံကို ပေးပို့တင်ပြ အပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

(ဦးရွှေအောင်)
(အုပ်ချုပ်မှုဒါရိုက်တာ)
(စီဒီအင်တာထရိတ်ကုမ္ပဏီလီမိတက်)

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ။ ။၁၉၉၆ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်၊

အကြောင်းအရာ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ(၁၂)နှင့်(၁၃)တို့အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ **C.D INTERTRADE COMPANY LIMITED** သည် ကျွန်တော်တို့ကုမ္ပဏီပိုင်ဖြစ်သော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဒေသ၊ ဇုန်အမှတ် (၂)၊ မြေကွက်အမှတ်(၃)၊(၄)၊(၅) နှင့်(၆) ရှိ ၅ .၂၆၄ ဧက အကျယ်အဝန်းရှိသောမြေနေရာကို အရင်းအနှီးအဖြစ်ထည့်ဝင်ပြီး၊ ကျွန်တော်တို့ကုမ္ပဏီမှ(၁၀၀) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်၍ **C.D INDUSTRIES & CONSTRUCTION COMPANY LIMITED** ကုမ္ပဏီအသစ်ကိုတည်ထောင်ပြီး ယင်းမြေနေရာတွင် သစ်အခြေခံထုတ်ကုန်များ၊ (ကြမ်းခင်းတုံး၊ တံခါး၊ ပြူးတင်းပေါက်၊ ပရိဘောဂပစ္စည်း စသည်များ) ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားသို့တင်ပို့နိုင်ရန် အတွက်ရည်ရွယ်၍ ခေတ်မီနည်းပညာ၊ စက်ကရိယာများဖြင့် ထုတ်လုပ်ခွင့်ရရှိနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကို လျှောက်ထားရောက်ကြောင်းဖြစ်ပါသည်။

ကျွန်တော်တို့၏ကုမ္ပဏီလီမိတက်သည် သစ်အခြေခံထုတ်ကုန်များ (ကြမ်းခင်းတုံး၊ တံခါး၊ ပြူးတင်းပေါက်၊ ပရိဘောဂပစ္စည်း စသည်များ) များထုတ်လုပ်ခြင်းအတွက်လိုအပ်မည့် အမေရိကန်ဒေါ်လာ (၈) သိန်းတန်ဘိုးရှိ သော ကမ္ဘာ့အဆင့်အတန်းမီ စက်ကရိယာပစ္စည်းများကို ဟောင်ကောင်နိုင်ငံ၊ **JOYFUL WIDE INTERNATIONAL LIMITED** မှ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ် (**Deferred Payment System**) အရ (၄)နှစ်အတွင်းပြန်လည်ပေးဆပ်ရန် အကြွေးဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။

ကျွန်တော်တို့ကုမ္ပဏီလီမိတက်အနေဖြင့် ယခုအဆိုပြုလုပ်ငန်းအတွက် ရင်းနှီးငွေစုစုပေါင်း ကျပ်(၆၂ .၅)သန်း ကို မြန်မာနိုင်ငံကျပ်ငွေ၊ မြေ၊ အဆောက်အဦး နှင့် ကုန်ကြမ်းပစ္စည်းများ တန်ဘိုးတို့ ဖြင့်လည်းကောင်းထည့်ဝင်ပြီး ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ပါသည်။ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ၍ ရရှိလာသော အမြတ်ငွေများကိုလည်း၊ မြန်မာနိုင်ငံတော်အတွင်း အခြားခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံသွားရန် ရည်ရွယ်ပါသည်။ ထုတ်လုပ်ရရှိသော ကမ္ဘာ့အဆင့်အတန်းမီ သစ်အခြေခံထုတ်ကုန်များ၊ (ကြမ်းခင်းတုံး၊ တံခါး၊ ပြူးတင်းပေါက်၊ ပရိဘောဂပစ္စည်း စသည်များ) များကို အနည်းဆုံး (၅၀) ရာခိုင်နှုန်းနိုင်ငံခြားသို့ တင်ပို့မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်းရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ ရရှိစေရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက်လည်းကောင်း၊ စက်မှုနည်းပညာရပ်များတိုးပွားရရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံသားများစီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း အလို့ငှာ လည်းကောင်း၊ ကျွန်တော်တို့ **C.D INDUSTRIES & CONSTRUCTION COMPANY LIMITED** ၏ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံ သားများရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ(၁၂)နှင့်(၁၃)တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုလည်း ပေးပါရန် ရိုသေလေးစားစွာဖြင့်လျှောက်ထားအပ်ပါသည်။

ထို့အပြင်ထုတ်လုပ်မည့် သစ်အခြေခံထုတ်ကုန်များ (ကြမ်းခင်းတုံး၊ တံခါး၊ ပြူးတင်းပေါက်၊ ပရိဘောဂ ပစ္စည်းစသည်များ)များကို ပြည်တွင်းတွင်ကျပ်ငွေဖြင့်ရောင်းချရာတွင်ပထမ(၃)နှစ်အတွက် ကုန်သွယ်လုပ်ငန်း ခွန် သက်သာခွင့်ပြုရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့လျှောက်ထားခွင့်ပြုရန် မေတ္တာရပ်ခံ တင်ပြ အပ်ပါသည်။

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲတင်ပြအပ်ပါသည်။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်၊

(၂) လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေးအထောက်အထားများ၊

